First segment Biz debate

"နိုင်ငံခေါင်းဆောင်က ငါတို့သည် နောက် ၁၀ နှစ်မှာ အာဆီယံကို မှီရမယ် အနှစ် ၂၀ မှာ စင်္ကာပူကို ကျော်ရမယ်လို့
ကျော်ရမယ်လို့ ပြောလိုက်ပြီ တနည်းအားဖြင့် ခေါင်းတွဲက ဉာဏ်ဆွဲလိုက်ပြီပေါ့ဗျာ ဒီတော့ ကိုယ်စီ ကိုယ်စီရှိနေတဲ့
ကိုယ်စီရှိနေတဲ့ ဌာနဆိုင်ရာ အဖွဲ့အစည်းတွေက ဒီ မျှော်မှန်းချက် ၁၀ ၊ ၂၀ ဟာ ငါ့ဌာနမှာ ဘာအဓိပါ
ဘာအဓိပါယ်လဲ ငါ့ဌာနရဲ့ သွားရမယ့်လမ်းကြောင်းက ဘာလဲဆိုတာကို ဖွင့်ဆိုချမှတ်ဖို့တော့ လိုတာပေါ့ အဲ့လို
အဲ့လိုဖွင့်ဆိုချမှတ်ပြီးမှ မူဝါဒတွေ လာရင် ကော
ကောင်းတယ် မဟုတ်ရင် ဘာဖြစ်သွားလဲ ဆိုတော့ အဲ့ဒီမူဝါဒတွေက ဖြစ်ချင်တာတွေကို လျှောက်
လျှောက်ပြီးပြောထားတာ တခုကလွဲလို့ ကျန်တာ ဘာမျှမဖြစ်ဘူး " ဦးတင်မောင်သန်း (စီးပွားရေးပညာရှင်)

--------------------------------------------------------------------------

"ကျွန်တော့်အမြင်ပြောရရင် တကယ်ဖြစ်နိုင်ပါတယ်လို့ ဝန်ခံပါတယ် ဘာကြောင့်လဲ
ဘာကြောင့်လဲဆိုတော့ အခြေခံကောင်းတွေစပြီးတည်ဆောက်နေပါပြီ ဘယ်လိုရှေ့ဆ
ဘယ်လိုရှေ့ဆက်သွားမလဲဆိုတာ လုပ်ဆောင် နေပါတယ် နောက်တခုကလဲ ကျွန်တော်တို့ရဲ့ အားသာချက်က ဘာလဲ
က ဘာလဲဆိုတော့ သဘာဝအရင်းအမြစ် တွေက ကျန်တဲ့နိုင်ငံတွေနဲ့ယှဉ်ရင် ပေါများပါတယ် " ဦးသိန်းမြင့်ဝေ (လက်
(လက်ထောင်ညွှန်ကြားရေးမှူး၊ စီးပွားကူးသန်းဝန်ကြီးဌာန)

--------------------------------------------------------------------------

"စီးပွားရေးမူဝါဒ ၁၂ ချက်ချမှတ်ခဲ့တာ ပြီးစလွယ် ပေါ့ပေါ့ပါးပါးရေးပြီး ချမှတ်ခဲ့တာမဟုတ်ဘူး အပြန်အလှန် တိတိကျ
တိတိကျကျရေးပြီး ချမှတ်ခဲ့တာဖြစ်ပါတယ် ပြီးတော့ လုပ်နိုင်တာတွေလဲပါပါတယ် ပွင့်ပွင်
ပွင့်ပွင့်လင်းလင်းပြောရရင် အရင်အစိုးရလက်ထပ်တုန်းက စီးပွား
စီးပွားရေးမူဝါဒနဲ့ပတ်သက်လို့ ဘယ်နှစ်ချက်ချမှတ်ခဲ့လဲ မေးချင်ပါတယ် " ဦးအေးလွင် (ဗဟိုအလုပ်အမှုဆောင်၊ ကု
ကုန်သည်စက်မှု အသင်းချုပ်)

--------------------------------------------------------------------------

Second segment Biz debate

" ကျွန်တော်တို့ မြန်မာနိုင်ငံဟာ နှစ် ၅၀ လောက် ချို့ယွင်းခဲ့တဲ့အချိန်မှာ စီးပွားရေးကဏ္ဍ (sector) တွေအားလုံးက ကျဆ
ကျဆင်းနေပါတယ် ဘယ်ဟာ ကြည့်ကြည့် ဘာမှလုပ်လို့မရတဲ့အချိန်ဖြစ်တဲ့အခါမှာ တိကျတဲ့မူဝါဒကို ဆွဲဖို
ဆွဲဖို့ဆိုတာက သိပ်စောနေ ပါတယ် နောက်အစိုးရရဲ့သက်တမ်းကလဲ တစ်နှစ် တောင် မပြည့်သေးတဲ့အချိန်မှာ စဆွဲတဲ့ဟာ
စဆွဲတဲ့ဟာက ယာယီဘဲဖြစ်နိုင်တယ် အချိန်မရွေးလဲပြောင်းနိုင်တယ် ဒါကသိပ်ပြဿနာမရှိပါဘူး " ဦးနှင်းဦး (အ
(အကြီးတန်းဒုဥက္ကဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)

--------------------------------------------------------------------------------

" ပို့ကုန်မဟာဗျူဟာအရ ပြီးခဲ့တဲ့ ၂၀၁၅ခုနှစ်ကချမှတ်ခဲ့တဲ့ ပို့ကုန် ၇ မျိုးကို ဘယ်လိုပို့မယ် ဘာညာပေ့ါနော် လက်တွေ
လက်တွေ့ လုံးဝမဖြစ်နိုင်ဘူး ဘာလို့လဲဆိုတော့ လက်တွေ့ ပို့ကုန်တင်ပို့မှုက နှစ်ပေါင်းများစွာ ကျဆင်းနေပါတယ်
ကျဆင်းနေပါတယ် အောင်ကို မအောင်မြင်ပါဘူးနော် အဲ့တော့ အစိုးရရဲ့ ကြွေးကြော
ကြွေးကြော်သံနဲ့အညီ အဲ့ဟာကြီးကို ပြုပြင်ပြောင်းလဲကြပါစို့လို့ " အောင်ချိန်ဘွား (စီးပွားရေး ဆောင်းပါးရှင်)

--------------------------------------------------------------------------------------

" သွင်းကုန်အစားထိုးမူဝါဒက နိုင်ငံတော်တော်များများကတော့ မအောင်မြင်ခဲ့ဘူးပေ့ါလေ အဲ့တော့ ပို့ကုန်မြှင်
ပို့ကုန်မြှင့်တင်ရေးကို သွားခဲ့တာပေ့ါနော် ဥပမာ အိန္ဒိယဆိုရင် ၁၉၉၁ခုနှစ်မှာ ပို့ကုန်မြှင်တင်ရေးဖက် ကိုသွားခဲ့
ကိုသွားခဲ့တယ် အောင်မြင်တယ် ဒီလိုဘဲ ဗီယက်နမ်ဆိုရင်လဲ သွားခဲ့တယ် သူက ကျွန်တော်တို့နဲ့ တာထွက်တူတယ် ဒါပေမ
ဒါပေမယ့် သူက ပန်းဝင်သွားပြီ ကျွန်တော်တို့က ကျန်ခဲ့တယ်လို့ပြောလို့ရတယ် " ဦးသိန်းမြင့်ဝေ (လက်
(လက်ထောက်ညွှန်ကြားရေးမှူး၊ စီးပွားကူးသန်းဝန်ကြီးဌာန)

----------------------------------------------------------------------------------------

" (Export led growth) ပို့ကုန်နဲ့တိုင်းပြည်စီးပွားရေးမြှင့်တင်မယ်ဆိုတာက ကျွန်
ကျွန်တော်တို့ မြန်မာပြည်က စခဲ့တာ ဖြစ်တယ် ဒါပေမယ့် တကယ်တမ်းကောက်စားခဲ့တာက ဂျပန်နဲ့ အရှေ့အာရှ
အရှေ့အာရှဖြစ်နေတယ် ဒီတော့ ကျွန်တော်တို့က ကုန်ထုတ်လုပ်နိုင်တဲ့  (sector) ကဏ္ဍကြီးတစ်ခုလုံး လု
လုပ်သာကိုင်သာရှိဖို့ ဘယ်လိုလုပ်မလဲ " ဦးတင်မောင်သန်း (စီးပွားရေးပညာရှင်)

-----------------------------------------------------------------------------------------

" ပို့ကုန်မြှင့်တင်ရေးမဟာဗျူဟာဆိုတာက IFC (International Finance Cooperation) ကနေ
သူတို့လေ့လာထားသလောက် မြန်မာနိုင်ငံရဲ့စီးပွားရေးအခြေအနေကို ရောဂါရှာဖွေပြီးပြုလုပ်ထားတဲ့ ပို့ကုန်မ
ပို့ကုန်မဟာဗျူဟာပါ အဲ့ဒီမှာ လွဲနေတာတွေရှိတာကိုလဲ ကျွန်တော်လက်ခံပါတယ် ဘာလို့လဲဆိုတော့ သူတို့
သူတို့က ရောဂါကို အချိန်ပြည့်မလေ့ဘာဘဲနဲ့ ဒါလုပ်မယ် ဒါလုပ်မယ်ဆိုပြီးလုပ်လိုက်တဲ့အတွက် ဒါဟာ ရာနှု
ရာနှုန်းပြည့်မအောင်မြင်ဘူးဆိုတာကို ကျွန်တော်လဲသဘောတူတယ် " ဦးအေးလွင်(ဗဟိုအလုပ်အမှု ဆောင်၊ ကု
ကုန်သည်စက်မှုအသင်းချုပ်)

-------------------------------------------------------------------------------------------------